| (ဆ) | ဒေါက်တာဇော်မြင့်<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာအေးထွန်း<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဦးမျိုးလှိုင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ည) ဦးမြင့်စိုး — အဖွဲ့ဝင်
အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဋ) ဦးမောင်မောင် — အဖွဲ့ဝင်
ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဌ) ဒုတိယတိုင်းမှူး — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(ဍ) ဒေါ်နိုင်သက်ဦး — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဎ) ဦးရဲတိုးသွင် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဏ) ဦးမောင်မောင်ကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(တ) ဗိုလ်မှူးကြီးမင်းနောင် — အတွင်းရေးမှူး
အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ထ) ဦးမျိုးအောင် — တွဲဖက်အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းများစနစ်တကျဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီများ လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**၂၀၂၁ ခုနှစ်၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့်**
**လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ်၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ၂၀၂၁ ခုနှစ် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က)　**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း<br>ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | နာယက |
| (၂) | ဦးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ဒေါက်တာ မောင်မောင်နိုင်<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ဗိုလ်ချုပ် ဇော်ဟိန်း<br>တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၅) | ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်<br>ဒုတိယဝန်ကြီး<br>ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ဦးထွန်းအုံ<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဗိုလ်မှူးချုပ် လူမွန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးသန့်စင်<br>ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာ အေးထွန်း<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးမြင့်စိုး<br>အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၂) | ဦးအေးထွန်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၃) | ဦးမြင့်ဦး<br>အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

**( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးအေးထွန်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးစိုးဝင်း<br>ဌာနကြီးမှူး (စီမံ)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၂) | ဒုတိယရဲချုပ် (၂)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အလှည့်ကျသဘာပတိ<br>ဂေါပကအဖွဲ့<br>ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး | အဖွဲ့ဝင် |
| (၁၄) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ် ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားရန်၊

(ခ) ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီအသီးသီးတို့၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ဂ) သံဃာတော်များ ကြိုဆိုပင့်ဆောင်နေရာချထားရေး၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်နိုင်ရေး၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းရေး၊ ကထိန်လျှာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများစီစဉ် ဆောင်ရွက်နိုင်ရေး၊ ပဒေသာပင်များ သာသနဗိမာန်တော်ကြီးတွင် ပြင်ဆင်ထားရှိမှုစသည်တို့ လစ်ဟာမှုမရှိစေရေးအတွက် ကြိုတင်စစ်ဆေးပြီး ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက် ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရန်။

၃။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော ဆပ်ကော်မတီ များကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အခွန်အယူခံခုံအဖွဲ့

## ၂၀၂၁ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ် - ၁

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဦးကျော်ထွန်း<br>Managing Director<br>DOUBLE TOP POWER Co., Ltd<br>အမှတ် (၁၆၄)၊ မွန်စံပြ (၁) လမ်း၊<br>ဟသ်္သာကုန်းရပ်ကွက်၊ ပဲခူးမြို့၊<br>ပဲခူးတိုင်းဒေသကြီး။ | နှင့် | ညွှန်ကြားရေးမှူး<br>ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ<br>အကောက်ခွန်ဦးစီးဌာန၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက်လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက်လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင်၊ ဦးစီးအရာရှိ (ဌာနဆိုင်ရာကိုယ်စားလှယ်) အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် |

## စီရင်ချက်

အမှုမှာ DOUBLE TOP POWER Co., Ltd မှ တင်သွင်းလာပြီး ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် AWPT ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် B/N FOTON LIGHT TRUCK (8) Units ကို Reshipment ပြန်လည်တင်ပို့ရန် ဆောင်ရွက်ခဲ့သော်လည်း ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းမရှိဘဲ သွင်းကုန်ကြေညာလွှာ (ID.No) 100112607010 (12-7-2019) ဖြင့် ရှင်းလင်းထုတ်ယူရန် ဆောင်ရွက်ခဲ့ရာ VPA (၂) ရက်မှ (၂၃) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၃) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းတို့အတွက် အဆိုပါ B/N FOTON LIGHT TRUCK (8) Units ခန့်မှန်းတန်ဖိုး ကျပ် (၆၃,၁၅၃,၇၈၂-/) အား AWPT ကုန်သေတ္တာ စစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနက အမှုတွဲဖွင့်လှစ်၍ အရေးယူခဲ့သောအမှုဖြစ်ပြီး၊ အခင်းဖြစ်ပစ္စည်းများကို မည်သည့်အတွက် မသိမ်းဆည်းထိုက်ကြောင်း ထုချေလွှာတင်သွင်းဖြေရှင်းရန် ပိုင်ရှင်ဖြစ်သူထံ အကြောင်းကြားခဲ့သော်လည်း ပိုင်ရှင်ဖြစ်သူမှ ထုချေလွှာတင်သွင်းဖြေရှင်းခြင်းမရှိ၍ အကောက်ခွန်ဦးစီးဌာန၏ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) နှင့် (၃/၂၀၁၈) တို့ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်၍တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ကျူးလွန်ခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့မှုအပေါ် ကျေနပ်မှုမရှိ၍ လျှောက်ထားသူ ဦးကျော်ထွန်း (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းလျှောက်ထားလာသော အမှု ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းမှ လျှောက်လဲတင်ပြရာ၌ လျှောက်ထားသူ၏ ကုမ္ပဏီသည် တရုတ်နိုင်ငံထုတ် Brand New Foton Light Truck (၈) စီးကို ၃၀-၈-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18-19/1836 ဖြင့် (၁) စီး၊ ၆-၉-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18-19/1913 ဖြင့် (၁) စီး၊ ၃၀-၁၀-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18-19/00306 ဖြင့် (၁) စီး၊ ၅-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18-19/00453 ဖြင့် (၁) စီး၊ ၆-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18-19/00481 ဖြင့် (၁) စီး၊ ၈-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18-19/00507 ဖြင့် (၁) စီး၊ ၉-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18-19/00531 ဖြင့် (၁) စီးနှင့် ၂၀-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18-19/00703 ဖြင့် (၁) စီး စုစုပေါင်း (၈) စီး တင်သွင်းခဲ့ရာ အေးရှားဝေါလ် AWPT ဆိပ်ကမ်းသို့ ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် ရောက်ရှိခဲ့ပါကြောင်း၊ တင်သွင်းရာတွင် ရောင်းချသူ Foton International Trade Co., Ltd နှင့် ဝယ်ယူသူ Tharaphu Soe Myint Co., Ltd တို့အကြားငွေပေးချေမှု အဆင်မပြေသဖြင့် မလေးရှားနိုင်ငံ Port Klang ဆိပ်ကမ်းသို့ ပြန်လည်ပေးပို့ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သင်္ဘောကိုယ်စားလှယ်ဌာန (SAD) သို့ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် COSCO သင်္ဘောလိုင်းမှ အကြောင်းကြားခဲ့ပါကြောင်း၊ သင်္ဘောလိုင်းမှ အကြောင်းကြားစာအရ လျှောက်ထားသူကုမ္ပဏီကလည်း ပြန်လည်တင်ပို့ခွင့် Reshipment ပြုလုပ်ခွင့်ပြုရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်ဌာနသို့ လျှောက်ထားခဲ့ရာ၊ အဆိုပါယာဉ် (၈) စီးကို တင်ဆောင်လာသော ကုန်သေတ္တာ (၂) လုံးအား ပြန်လည်တင်ပို့ခွင့်ပြုရန် ညွှန်ကြားရေးမှူး (ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)၊ အကောက်ခွန်ဦးစီးဌာနသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနက ၃၀-၁၁-၂၀၁၈ ရက်နေ့ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် အဆိုပါကုန်သေတ္တာ (၂) လုံးကို ဘုတ်အဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ယာဉ် (၈) စီးကိုတွေ့ရပြီး Bill of Lading (B/L) ပါ အချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှုရှိသော်လည်း သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ဆောင်ရွက်ထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရခြင်း၊ သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းရမည့် ပစ္စည်းဖြစ်၍ သွင်းကုန်လိုင်စင်လိုအပ်သောကြောင့် ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူရန်အတွက် ပြန်လည်တင်ပို့ခွင့်

မပြုနိုင်ပါကြောင်းနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ညွှန်ကြားရေးမှူး (ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)၊ အကောက်ခွန်ဦးစီးဌာနက ၁၈-၁၂-၂၀၁၈ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားခဲ့ပါကြောင်း၊လျှောက်ထားသူကုမ္ပဏီသည် သွင်းကုန်လိုင်စင်များ လျှောက်ထားရရှိပြီးဖြစ်ပါ၍ ပြန်လည်တင်ပို့ခွင့် Reshipment ခွင့်ပြုပါရန် ညွှန်ကြားရေးမှူး (ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)၊ အကောက်ခွန်ဦးစီးဌာနသို့ ၂၀-၁၁-၂၀၁၈ ရက်စွဲပါစာဖြင့် တင်ပြခဲ့ပြီး ကုမ္ပဏီမှကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးအောင်ခိုင် ကိုယ်တိုင် ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံပြီး ဆွေးနွေးခဲ့ရာ Reshipment လုပ်လျှင် ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်လိုင်စင် (Export Licence) လိုအပ်သည်ကို သိရှိခဲ့ရပါကြောင်း၊ ပို့ကုန်လိုင်စင် (Export Licence) လိုအပ်ကြောင်း သိရှိရသဖြင့် လျှောက်ထားသူကုမ္ပဏီသည် ၂၃-၁၂-၂၀၁၈ ရက်နေ့နှင့် ၁၈-၇-၂၀၁၉ ရက်နေ့တို့တွင် ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ (Re-Export) စနစ်ဖြင့် ပို့ကုန်ပါမစ်ခွင့်ပြုပေးရန် လျှောက်ထားခဲ့ပါကြောင်း၊ လျှောက်ထားသူကုမ္ပဏီသည် ပို့ကုန်လိုင်စင်ရရှိရန် စောင့်ဆိုင်းခဲ့ရာ အချိန်ကြာမြင့်လာသည့်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်သည့်ကာလဖြစ်နေ၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တားဆီးထားသည့် အဆိုပါ အခင်းဖြစ်ယာဉ် (၈) စီးကို ကျသင့်အခွန်အရပ်ရပ်နှင့် သတ်မှတ်ဒဏ်ကြေးများ ပေးဆောင်၍ ပြန်လည်ထုတ်ယူခွင့်ပြုရန် ၂၅-၅-၂၀၂၀ ရက်စွဲပါစာဖြင့် လျှောက်ထားတင်ပြခဲ့မှုအပေါ် အကြောင်းပြန်ကြားခြင်း မရှိပါသဖြင့် ယာဉ် (၈) စီးကို သိမ်းဆည်းမည့်အစား ယာဉ်တန်ဖိုး၏ 1/4 ဒဏ်ကြေးဖြင့်ထုတ်ယူခွင့်ပြုရန် ၁၂-၆-၂၀၂၀ ရက်နေ့တွင် ထပ်မံတင်ပြခဲ့ပြီး၊ အဆိုပါကား (၈) စီးအတွက် သွင်းကုန်ကြေညာလွှာစာအမှတ် 100112607010 ကို ၁၂-၇-၂၀၁၉ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းခဲ့ပါကြောင်း၊ တင်သွင်းလာသော ကုန်ပစ္စည်းသည် မှားယွင်းပို့မိသည့်အတွက်လည်းကောင်း၊ ကုန်ပို့သူနှင့် ကုန်လက်ခံသူ (ဝယ်ယူသူ) တို့အကြား အဆင်မပြေ၍လည်းကောင်း၊ ကုန်ပစ္စည်းကို ကုန်ပို့သူနိုင်ငံသို့ ပြန်လည်တင်ပို့ခွင့် Re-Export သို့မဟုတ် Reshipment လုပ်ခွင့်ရှိပါ၍ Re-Export အတွက် Export Licence လိုအပ်သကဲ့သို့ Export Licence မလိုအပ်ဘဲ ပြန်လည်တင်ပို့သည့်သာဓကများလည်းရှိခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် ကုန်ပစ္စည်းရောက်ရှိပြီး၊ ၆-၁၁-၂၀၁၈ ရက်နေ့တွင် ကုန်ပို့ကုမ္ပဏီက ပြန်လည်တင်ပို့ရန် အကြောင်းကြားခဲ့ခြင်းဖြစ်ရာ လျှောက်ထားသူကုမ္ပဏီအနေနှင့် မရိုးမသားဆောင်ရွက်ခဲ့ခြင်း မရှိပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ သိမ်းဆည်းမိန့်စာပိုဒ် (၂) တွင် ရည်ညွှန်းထားသည့် ရုံးတွင်းညွှန်ကြားလွှာ (၁၃/၂၀၁၇) အရ ကုန်ပစ္စည်းရောက်ရှိပြီးမှ သွင်းကုန်လိုင်စင်ရရှိမှုတွင် (၁) ရက်မှ (၃) ရက်အထိ ကင်းလွတ်၊ (၄) ရက်မှ (၇) ရက်အထိ 1/4 AV၊ (၈) ရက်နှင့်အထက် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းဟု ဖော်ပြပါရှိပါကြောင်းနှင့် ရုံးတွင်းညွှန်ကြားလွှာအမှတ် (၃/၂၀၁၈) အရ သွင်းကုန်လိုင်စင် သက်တမ်းကုန်ဆုံးပြီးမှ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်း သတ်မှတ်ချက်အရ လိုင်စင်အားလုံးသည် သက်တမ်း (၁၄၇) ရက်နှင့်အထက်ကျော်လွန်နေသဖြင့် ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းခံရနိုင်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ခဲ့သော အဆိုပါရုံးတွင်းညွှန်ကြားလွှာ (၂) စောင်သည် အများပြည်သူနှင့် သက်ဆိုင်ခြင်း ရှိ မရှိ ဆိုသောအချက်နှင့် ကုန်တင်သွင်းသူ (Importer) များအတွက် ထုတ်ပြန်ခြင်း ဟုတ် မဟုတ် ဆိုသောအချက်နှင့်ပတ်သက်ပြီး ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ဂ) တွင် ပြဋ္ဌာန်းချက်အရ နည်းဥပဒေအားလုံးကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာရန်နှင့် အဆိုပါ နည်းဥပဒေအားလုံးကို (၂) နှစ်ထက်မပိုသော အချိန်ကာလအတွင်း တစ်ကြိမ်ကျထုတ်ဝေပြီး အများပြည်သူသို့ ရောင်းချရမည်ဟု ပြဋ္ဌာန်းထားပါ၍ သိမ်းဆည်းမိန့်တွင် ရည်ညွှန်းထားသည့် ညွှန်ကြားလွှာများမှာ အများပြည်သူသိရှိလိုက်နာရန် မဟုတ်ဘဲ ရုံးတွင်းဝန်ထမ်းများ သိရှိလိုက်နာရန် ထုတ်ပြန်ထားသော ရုံးတွင်းညွှန်ကြားလွှာများသာဖြစ်ပြီး အများပြည်သူသိရှိလိုက်နာရန် ထုတ်ပြန်ခြင်းမရှိသော ညွှန်ကြားချက်

တစ်ရပ်ဖြင့် လျှောက်ထားသူကုမ္ပဏီမှ တင်သွင်းခဲ့သည့် ယာဉ် (၈) စီးကို အဆိုပါညွှန်ကြားချက်များကို ကျူးလွန်သည်ဟု စွပ်စွဲပြီး အရေးယူခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုမရှိသည့်အပြင် တရားမျှတမှုလည်း မရှိပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ အမှတ် (၆/၂၀၁၇) ကို ရုံးတွင်းညွှန်ကြားလွှာဖြင့် ပြင်ဆင်ဖြည့်စွက်ထုတ်ပြန်ခြင်းသည်လည်း ဥပဒေအရ လုပ်ပိုင်ခွင့်မရှိသော ပြုလုပ်မှုတစ်ရပ်ဖြစ်သည်ကို အလေးထားတင်ပြလိုပါကြောင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ လက်အောက်ဖြစ်သည့် ကိုယ်စားလှယ် လုပ်ငန်းဌာနသည် ၎င်း၏လုပ်ငန်းအတွေ့အကြုံအရ Reshipment သို့မဟုတ် Re-Export လုပ်၍ရ၍သာ အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်တင်ပို့ခွင့်ပြုရန် အကြောင်းကြားခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေပုဒ်မ ၂၄ (င) တွင် အပ်နှံထားသော ကုန်စည်များကိုစတင်လက်ခံ ထိန်းသိမ်းသည့်နေ့မှ (၂) လ ကျော်လျှင် အဆိုပါ ကုန်ပစ္စည်း များကို လေလံတင်ရောင်းချနိုင်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် အခင်းဖြစ်မော်တော်ယာဉ် (၈) စီးသည် ဆိပ်ကမ်းသို့ရောက်ရှိသည့် ၂၈-၁၀-၂၀၁၈ ရက်နေ့မှ အယူခံဝင်ရောက်သည့်နေ့အထိ (၂) နှစ်ကျော်လွန် သည့်တိုင် လေလံတင်ရောင်းချခြင်းမပြုသည်မှာ ဥပဒေနှင့်ငြိစွန်းမှုမရှိသောကြောင့်ဖြစ်ပါကြောင်း၊ လျှောက်ထားသူ ကုမ္ပဏီသည် တရုတ်နိုင်ငံထုတ် မော်တော်ယာဉ် (၈) စီးကို ရိုးသားစွာတင်သွင်းခဲ့ပြီး ကုန်ရောင်းသူနှင့် ကုန်ဝယ်သူကြား ဈေးနှုန်းညှိနှိုင်းမှုအဆင်မပြေသဖြင့် ပြန်လည်တင်ပို့ရန်အကြောင်း ပေါ်လာခြင်းသည်လည်း ဆိပ်ကမ်းသို့ ရောက်ရှိပြီး (၁၀) ရက်အတွင်းဖြစ်သည့်အတွက် မရိုးမသား တင်သွင်းသည်ဟု မဆိုနိုင်ပါကြောင်း၊ ပြန်လည်တင်ပို့ခွင့်ကိစ္စနှင့်စပ်လျဉ်း၍ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနအကြား နားလည်မှုလွဲမှားကြသဖြင့် လျှောက်ထားသူ၏ ကုမ္ပဏီသည် ခံစားခံ သက်သက်ဖြစ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနက နမူနာထုတ်ပေးသည့် ပို့ကုန်လိုင်စင်အရဆိုပါမူ ကုန်သွယ်ရေး ဦးစီးဌာနက ပို့ကုန်လိုင်စင် တမင်မထုတ်ပေးခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါကြောင်းနှင့် တစ်ဖက်ကုန်ပို့ နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်မရရှိဘဲ ယာဉ် (၈) စီးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံလိုက်ရခြင်းသည် ဥပဒေပါ အခွင့်အရေးကို ဆုံးရှုံးခဲ့ရခြင်းဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ တွင် **နိုင်ငံတော်သည် နိုင်ငံသားများ၏တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်း နိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်** ဟုလည်းကောင်း၊ ပုဒ်မ ၃၇၁ တွင် **နိုင်ငံတော်သည်အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန်ကူညီမည်** ဟုလည်းကောင်း အာမခံထားပါသဖြင့် တင်သွင်းမှု တရားဝင်ပါလျက် ပြန်လည်တင်ပို့ရာတွင် အစိုးရဌာနအချင်းချင်း အချေအတင် ပခုံးလွှဲပြောင်းပုတ်ခတ် နေကြသည့်အတွက် တင်သွင်းသူ၏ နစ်နာမှုအပေါ် ထောက်ရှု၍ နစ်နာမှုအား ကုစားပေးသင့်ပါကြောင်း တင်ပြထားပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးစီးအရာရှိ၊ ဦးပိုင်သူမိုးအောင်က ချေပလျှောက်လဲရာ၌ DOUBLE TOP POWER Co.,Ltd မှ တင်သွင်းလာပြီး ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် AWPT ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် B/N FOTON LIGHT TRUCK (8) Units အား ပြန်လည်တင်ပို့ရန် Reshipment လုပ်ငန်းစဉ်အတိုင်း အဆင့်ဆင့် လျှောက်ထားခဲ့သော်လည်း၊ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသည့် Export Licence မရရှိခဲ့သဖြင့် ပြန်လည်တင်ပို့နိုင်မှုမရှိခြင်း၊ အဆိုပါ B/N FOTON LIGHT TRUCK (8) Units တင်သွင်းလာခြင်းအတွက် ကြေညာထားသည့် (ID.No) 100112607010 (12-7-2019) အရ သွင်းကုန်ကြေညာလွှာမှာ VPA (၂) ရက်မှ (၁၉) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းဖြစ်သဖြင့် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) နှင့် (၃/၂၀၁၈) တို့ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း အခင်းဖြစ်ပစ္စည်းများနှင့် ပတ်သက်၍ မည်သည့်အတွက်

အရေးမယူထိုက်ကြောင်း ထုချေလွှာတင်သွင်း ဖြေရှင်းရန် ပိုင်ရှင်ဖြစ်သူထံ အကြောင်းကြားခဲ့သော်လည်း ပိုင်ရှင်ဖြစ်သူမှ ထုချေလွှာတင်သွင်းမှု မရှိခြင်းတို့ကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း(၄)အရစည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့်ကုန်ပစ္စည်းတစ်ခုခုကိုစည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်ပြီး တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက ၁၆-၈-၂၀၁၇ ရက်စွဲပါ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) သည် ဌာနမှ ထုတ်ပြန်ထားသည့် ၂၅-၁-၂၀၁၇ ရက်စွဲပါ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၂/၂၀၁၇) နောက်ဆက်တွဲဇယားအမှတ်စဉ် (၁၄) အား ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်ပြီး၊ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းထားသည်မှာ Valid for Prior Arrival (VPA) လိုင်စင်/ပါမစ် ခွင့်ပြုချက်မရမီ ကုန်ပစ္စည်းရောက်ရှိခြင်းနှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များသည် (VPA) (1) day to (3) days ဖြစ်လျှင် ကင်းလွတ်၊ (VPA) (4) days to (7) days ဖြစ်လျှင် ဒဏ်ငွေ 1/4 AV၊ (VPA) (8) days နှင့်အထက်ဖြစ်လျှင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြဋ္ဌာန်းထားပါသဖြင့်၊ DOUBLE TOP POWER Co., Ltd မှ တင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၁၂) စီးအနက် ၃၀-၈-၂၀၁၈၊ ၆-၉-၂၀၁၈ နှင့် ၃၀-၁၀-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းသည့် ယာဉ် (၃) စီးသည် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သော်လည်း ကျန် (၅) စီးမှာ (VPA) (၈) ရက်နှင့်အထက်ဖြစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက ၅-၄-၂၀၁၈ ရက်စွဲပါ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၃/၂၀၁၈) တွင် သွင်းကုန်လိုင်စင်ကုန်ဆုံးပြီးမှ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းအတွက် မော်တော်ယာဉ်များ ရှင်းလင်းထုတ်ယူမှုအား အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည်မှာ **ပြည်ပမှတင်သွင်းလာသောမော်တော်ယာဉ်များ သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးမှ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းအတွက် (1) day to (7) days ဖြစ်လျှင် ကင်းလွတ်၊ (8) days to (30) days ဖြစ်လျှင် 1/90 AV၊ (31) days to (45) days ဖြစ်လျှင် 1/24 AV၊ (46) days to (60) days ဖြစ်လျှင် 1/12 AV၊ (61) ရက်နှင့်အထက်ဖြစ်လျှင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်** ဟု ပြဋ္ဌာန်းထားပါ၍ အဆိုပါကုမ္ပဏီမှ တင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၈) စီးသည် သွင်းကုန်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းဖြစ်သဖြင့် သတ်မှတ်ထားသည့် (၆၁) ရက်နှင့်အထက်ဖြစ်သောကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရခြင်းဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၁) တွင်လည်း **မည်သူမဆို ဤအက်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်လျှင်** ပြစ်ဒဏ်အနေဖြင့် **အဆိုပါ ပျက်ကွက်မှုတွင် ပါဝင်ပတ်သက်သည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်** ဟု ပြဋ္ဌာန်းထားသောကြောင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်၍ တင်သွင်းသူများသည် တရားဝင် တင်သွင်းသည်မှာ မှန်ကန်သော်လည်း နိုင်ငံတော်မှချမှတ်ထားသည့်မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ တင်သွင်းရမည်သာဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) တွင် **ဤအက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် သို့မဟုတ် စည်းမျဉ်း ကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ချက် သို့မဟုတ် စည်းကမ်းကန့်သတ်ချက် များနှင့် ဆန့်ကျင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တင်သွင်းလျှင်** ဟု ဖွင့်ဆိုထားပြီး အဆိုပါပြစ်မှု အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့ကို ရည်ညွှန်းထားပါသဖြင့် ချမှတ်ရမည့်ပြစ်ဒဏ်မှာ **အဆိုပါကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်** ဟု ဖော်ပြထားပါ၍ DOUBLE TOP POWER Co., Ltd မှ တင်သွင်းလာသည့် B/N FOTON

LIGHT TRUCK (၈) စီးသည် VPA (၂) ရက်မှ (၂၃) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ DOUBLE TOP POWER Co., Ltd မှ တင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၈) စီးသည် ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် AWPT ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး ကုန်တင်ပို့သူ (Shipper) နှင့် ကုန်ပစ္စည်းတင်သွင်းသူ (Consignee) တို့အကြား ငွေပေးချေမှုအဆင်မပြေသဖြင့် ပြန်လည်တင်ပို့ရန် Reshipment ဆောင်ရွက်လိုကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနက အကောက်ခွန်ဦးစီးဌာနသို့ ညှိနှိုင်းအကြောင်း ကြားချက်အရ Reshipment လျှောက်ထားရန် ပစ္စည်းများအား AWPT ဆိပ်ကမ်းတွင် ဘုတ်အဖွဲ့ဖြင့် ဖွင့်ဖောက် စစ်ဆေးခဲ့ရာ တင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၈) စီးအတွက် သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ထားခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရပြီး၊ တင်သွင်းလာသည့်ယာဉ် (၈) စီးမှာ သွင်းကုန်လိုင်စင် လိုအပ်သောကြောင့် Reshipment ပြန်လည်ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းစဉ်အရ ပို့ကုန်လိုင်စင်ရရှိရန် ကုန်သွယ်ရေးဦးစီးဌာနသို့ လျှောက်ထားခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ရန် လိုအပ်သည်ဟု ညွှန်ကြားသဖြင့် သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ပေးခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာနသို့ ပြန်လည် ပေးပို့တင်ပြ၍ Reshipment ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားသော်လည်း ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသည့် ပို့ကုန်လိုင်စင် (Export Lincence) မရရှိသဖြင့် ပြန်လည်တင်ပို့မှု Reshipment ဆောင်ရွက်၍ မရခြင်းဖြစ်ပါကြောင်း DOUBLE TOP POWER Co., Ltd မှ တင်သွင်းလာသော B/N FOTON LIGHT TRUCK (8) Units၊ ခန့်မှန်းတန်ဖိုး ကျပ် (၆၃,၁၅၃,၇၉၂/-) သည် သွင်းကုန်ကြေညာလွှာ (ID.No) 100112607010 (12-7-2019) ဖြင့် ကြေညာလွှာတင်သွင်းရာတွင် VPA (၂) ရက်မှ (၂၃) ရက် အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက် အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်း၊ အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်း ညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) နှင့် (၃/၂၀၁၈) ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ချိုးဖောက်ခဲ့ခြင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားပါသောကြောင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် များနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်းဖြစ်ပါ၍ ညွှန်ကြားရေးမှူး (ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေး ဌာနခွဲ)၊ အကောက်ခွန်ဦးစီးဌာန၏ အမိန့်ကို အတည်ပြုပြီး အယူခံလွှာကို "ပလပ်" ပေးနိုင်ပါရန် တင်ပြ ထားပါသည်။

အခွန်အယူခံခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်၊ ချေပတင်ပြချက်များကို ၂၉-၆-၂၀၂၁ ရက်နေ့တွင် ရုံးထိုင်ကြားနာ စစ်ဆေးခဲ့ပြီးဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကို အသေးစိတ်ကြည့်ရှုလေ့လာခဲ့ပါသည်။ ထိုသို့ အမှုတွဲပါ လျှောက်ထားတင်ပြချက်များနှင့် အမှုတွဲပါ အထောက်အထားများ၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို အပြန်ပြန်အလှန်လှန် သုံးသပ်ခဲ့ရာ လျှောက်ထားသူ၏အခင်းဖြစ် Brand New Foton Light Truck ယာဉ် (၈) စီးမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်သွင်းကုန်ဥပဒေအရ သွင်းကုန်လိုင်စင် ခွင့်ပြုချက်ဖြင့် တင်သွင်းရမည့် ကုန်ပစ္စည်းဖြစ်ကြောင်း အငြင်းမပွားပေါ်ပေါက်သည်ကို တွေ့ရှိရပါသည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်ဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ Reshipment

ဆောင်ရွက်ပေးရန် ညှိနှိုင်းချက်အရ အကောက်ခွန်ဦးစီးဌာနက AWPT ဆိပ်ကမ်းတွင် ဘုတ်အဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်ယာဉ် (၈) စီးမှာ Bill of Lading (B/L) ပါ အချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှုရှိသော်လည်း သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ထားခြင်းမရှိသည်ကို တွေ့ရှိရခြင်း၊ အဆိုပါယာဉ် (၈) စီးမှာ သွင်းကုန်လိုင်စင် လိုအပ်သောပစ္စည်းများဖြစ်ခြင်းကြောင့် Reshipment ပြန်လည်တင်ပို့မှုဆောင်ရွက်ရာတွင်လည်း လုပ်ငန်းစဉ်အရ ပို့ကုန်လိုင်စင်လိုအပ်မည်ဖြစ်ပါသဖြင့် Reshipment အတွက် ပို့ကုန်လိုင်စင် (Export Licence) ရရှိရန် ကုန်သွယ်ရေးဦးစီးဌာနသို့ ပို့ကုန်လိုင်စင် လျှောက်ထားသည့်အခါ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ရန် ညွှန်ကြားမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခဲ့သော်လည်း ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်လိုင်စင် (Export Licence) မရရှိသဖြင့် ပြန်လည်တင်ပို့မှု Reshipment ဆောင်ရွက်၍ မရခဲ့ပါကြောင်း၊ အခင်းဖြစ်ယာဉ် (၈) စီး တင်သွင်းလာခြင်းအတွက် ကြေညာထားသည့် (ID.No) 100112607010 (12–7–2019) အရ သွင်းကုန်ကြေညာလွှာမှာ VPA (၂) ရက်မှ (၂၃) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းတို့ကြောင့် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) နှင့် (၃/၂၀၁၈) တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရခြင်း၊ အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်အတွက် အရေးမယူထိုက်ကြောင်း ထုချေလွှာတင်သွင်းဖြေရှင်းရန် ပိုင်ရှင်ဖြစ်သူထံ အကြောင်းကြားခဲ့သော်လည်း ပိုင်ရှင်ဖြစ်သူမှ ထုချေလွှာတင်သွင်းမှုမရှိခြင်းတို့သည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း(၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်ရာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါသည်။ မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် တရားဝင်တင်သွင်းသည်မှာ မှန်သော်လည်း ချမှတ်ထားသော မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ တင်သွင်းရမည်ဖြစ်ပြီး ကန့်သတ်၊ တားမြစ်ချက်များကို ဖောက်ဖျက်၍ တင်သွင်းလာပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၁) တွင်လည်း **မည်သူမဆို ဤအက်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်ပျက်ကွက်လျှင်** ဟု ပြဋ္ဌာန်းထားပြီး ပြစ်ဒဏ်အနေဖြင့် **အဆိုပါ ပျက်ကွက်မှုတွင် ပါဝင်ပတ်သက်သည့်ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်** ဟုလည်းကောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) တွင် ပြဋ္ဌာန်းထားသည်မှာ **ဤအက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် သို့မဟုတ် စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ချက် သို့မဟုတ် စည်းကမ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တင်သွင်းလျှင်** ဟု ဖွင့်ဆိုထားပြီး အဆိုပါပြစ်မှုအတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အား ရည်ညွှန်းထားပြီး ချမှတ်ရမည့်ပြစ်ဒဏ်မှာ **အဆိုပါကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်** ဟု ဖော်ပြထားသဖြင့် လျှောက်ထားသူကုမ္ပဏီက တင်သွင်းလာသည့် အခင်းဖြစ်မော်တော်ယာဉ် (၈) စီးသည် VPA (၂) ရက်မှ (၂၃) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရခြင်းဖြစ်ပါသည်။ အမှုတွင် ကုမ္ပဏီ၏ ကိုယ်စားလှယ် ဦးအောင်ခိုင်က တင်သွင်းလာသော ယာဉ်များနှင့်စပ်လျဉ်း၍ လိုင်စင် (၉) စောင်မှာ VPA (၇) ရက်

ကျော်လွန်နေကြောင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းမှာ ရက်ပေါင်း (၁၅၀) ခန့်ကျော်လွန်ပြီးမှ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခဲ့မှုနှင့်ပတ်သက်၍ မိမိတို့ကုမ္ပဏီက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း၊ အကောက်ခွန်အရာရှိ ရှေ့မှောက်တွင် ဝန်ခံကတိ လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရသောကြောင့် အခင်းဖြစ်ယာဉ်များအား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်ကြောင်း သိရှိပါလျက် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း သုံးသပ်ရပါသည်။ အယူခံလျှောက်ထားသူ DOUBLE TOP POWER Co., Ltd မှတင်သွင်းလာသော B/N FOTON LIGHT TRUCK (8) Units ခန့်မှန်းတန်ဖိုးကျပ်(၆၃,၁၅၃,၇၉၂/-)သည်သွင်းကုန်ကြေညာလွှာ(ID.No)100112607010(12-7-2019)ဖြင့်ကြေညာလွှာတင်သွင်းရာတွင် VPA (၂) ရက်မှ (၂၃) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက်(၁၄၇)ရက်မှ(၂၂၅)ရက်အတွင်းကြာမြင့်ပြီးမှသာသွင်းကုန်ကြေညာလွှာ(ID)ဖွင့်လှစ်ခြင်းတို့သည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ကွဲလွဲ၍ ဆောင်ရွက်ထားသည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာနက ၂၃-၉-၂၀၂၀ ရက်စွဲပါ အမိန့်စာအမှတ် ၁- ရာ /(AWPT) ၂၀၂၀ (၁၆) ဖြင့် ချမှတ်ခဲ့သော အမိန့်ကို အတည်ပြုလျက် ဤအယူခံမှုကို ပလပ်လိုက်သည်။

| ရီရီမြင့် | ဝင်းနိုင် | ဝင်းတင် |
|---|---|---|
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)'

### ရခိုင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၁ ဖြင့် ဖွဲ့စည်းပေးခဲ့သော **ရခိုင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**ရခိုင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

(၁) ဝန်ကြီးချုပ် ဥက္ကဋ္ဌ
ပြည်နယ်အစိုးရအဖွဲ့

| | | |
|---|---|---|
| (၂) | ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်နယ်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | ပြည်နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပြည်နယ်ဦးစီးဌာနမှူး<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးမောင်သိန်းဖြူ<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၅) | ဦးထွန်းစောအေး<br>တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၆) | ဦးကိုလေး<br>အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၇) | ဦးကောင်းစံရွှေ<br>သင့်လျော်သည့် ပညာရှင် | အဖွဲ့ဝင် |
| (၁၈) | ပြည်နယ်ဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက် လျှောက်ထားသည့် ကိစ္စရပ်နှင့် မွေးမြူရေးလုပ်ငန်းတွင် ဧက ၅၀ အထက် လျှောက်ထားသည့် ကိစ္စရပ်များအတွက် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်အရ ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလ တိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလ မကုန်ဆုံးမီ တင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဆ) ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့် ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ဇ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ်ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစစ်ဆေးတင်ပြခြင်း၊

(ဈ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေးပေးသွင်းခြင်းနှင့် အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဠ ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဋ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၁)

## ရန်ကုန်တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၁ ဖြင့် ဖွဲ့စည်းပေးခဲ့သော **ရန်ကုန်တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**ရန်ကုန်တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးမန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၁) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီးရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်ဇော်ဦး<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၅) | ဦးလှထွန်း<br>တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၆) | ဦးကျော်ဆွေ<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၇) | ဦးဝင်းထွန်းနီ<br>သင့်လျော်သည့် ပညာရှင် | အဖွဲ့ဝင် |
| (၁၈) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်၊

( ခ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ဂ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက် လျှောက်ထားသည့်ကိစ္စရပ်နှင့် မွေးမြူရေး လုပ်ငန်းတွင် ဧက ၅၀ အထက် လျှောက်ထားသည့် ကိစ္စရပ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

( င ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်အရ ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း၊

( စ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလ တိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလ မကုန်ဆုံးမီ တင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဆ) ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့် ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့် အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

( ဇ ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်း စစ်ဆေးတင်ပြခြင်း၊

(ဈ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေးပေးသွင်းခြင်းနှင့် အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဋ ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဌ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ထွဋ်ဦး
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၈၂၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (တောင်ပိုင်း) ခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ပုလွဲရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃၆၈/တော်ပုလွဲ) မြေကွက်အမှတ် (II/၁ + II/၁၀) ရှိ **မြေဧရိယာ ၁.၀၀ ဧက** အား

**ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့ လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ်　(၈၃၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၃) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြု ခန့်ထားလိုက်သည်-

(၁)　ရဲ ၂၂၆၄ ယာယီရဲမှူးကြီး ယုနိုင်　၂၅-၉-၂၀၂၁
ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့

(၂)　ရဲ ၂၂၁၀ ယာယီရဲမှူးကြီး တင့်ဝေ　၂၃-၉-၂၀၂၁
ညွှန်ကြားရေးမှူး၊ (ရဲစည်းကမ်းဥပဒေဌာန)
ရဲရေးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၃)　ရဲ ၃၇၅၆ ယာယီရဲမှူးကြီး သန့်ဇင်လင်း　၂၄-၉-၂၀၂၁
ဌာနမှူး၊ (နိုင်ငံတကာဆက်ဆံရေးဌာန)
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ်　(၈၄၃/၂၀၂၁)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်-

(၁)　စ/၁၉၇၆ ဒုတိယညွှန်ကြားရေးမှူး　ရခိုင်ပြည်နယ်ရုံး
ဦးဖွဲ့သူအောင်
ရှမ်းပြည်နယ်ရုံး

(၂) စ/၀၆၆၃ ဒုတိယညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီးရုံး
ဦးဝင်းဦး
စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း

## အမိန့်ကြော်ငြာစာ (၈၄၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၂၃/ကုန်းသာယာရပ်၊ ဦးပိုင်အမှတ်-၁၃၊ **မြေဧရိယာ ၂.၄၇၁ ဧက** ရှိမြေအား ပြည်ထဲရေးဝန်ကြီးဌာန၊ **မိုင်းရယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၄၈/၂၀၂၁)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၂၃/ကုန်းသာယာရပ်၊ ဦးပိုင်အမှတ် -၁၀၊ **မြေဧရိယာ ၁.၉၄၈ ဧက** ရှိမြေအား ပြည်ထဲရေးဝန်ကြီးဌာန၊ **မိုင်းရယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၄၉/၂၀၂၁)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ မယ်လှတောင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၆၅၄/မြင်းကင်း၊ ဦးပိုင်အမှတ်-၁၂/၂၊ **မြေဧရိယာ ၁.၅၀ ဧက** ရှိမြေအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ **တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၅၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံးမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၁၇၈၈ ရဲမှူးကြီး တင်မိုး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၆၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအကြပ်အတတ်သင်ကျောင်းမှ နည်းပြမှူးချုပ် ရဲ ၃၇၅၄ ဒုတိယရဲမှူးကြီး မြတ်အောင် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအတတ်သင်ကျောင်းသို့ နည်းပြမှူးချုပ် အဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၆၉/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ ရဲဦးစီးအရာရှိချုပ်ရုံးမှ လ ၁၈၄၇၁၁ ရဲအုပ် သန့်ဇော်လင်း အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၆၉၆ သတ်မှတ်ကာ လက်ရှိဌာန၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇၀/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ အောက်ဖော်ပြပါ ရဲအုပ် (၃) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိဌာန၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၁၉၁၃၀ ရဲအုပ် အောင်ကို ရဲ ၇၆၉၇

(၂) လ ၂၂၄၅၀၁ ရဲအုပ် ဝင်းထွန်း ရဲ ၇၆၉၂

(၃) လ ၂၃၇၃၁၆ ရဲအုပ် မျိုးမင်းနိုင် ရဲ ၇၆၉၈

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇၁/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်ရေးဌာနစု၊ ထောက်ပံ့ဌာနမှ လ ၁၈၈၆၅၇ ရဲအုပ် ကြည်စိုး အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၆၉၄ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇၂/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၀၃၅၉၇ ရဲအုပ် မိုးကျော်သူ ရဲ ၇၆၉၅

(၂) လ ၂၂၁၂၇၉ ရဲအုပ် သက်ဇင်နိုင် ရဲ ၇၆၉၃

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇၅/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကယားပြည်နယ်ရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၄) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၁၆၆၉၆၀ ရဲအုပ် ခွန်းဂေဗရယ် ရဲ ၇၇၀၅

(၂) လ ၁၈၉၇၃၄ ရဲအုပ် ဝင်းချိုချို ရဲ ၇၆၉၉

(၃) လ ၁၉၀၅၉၁ ရဲအုပ် တင့်လွင် ရဲ ၇၇၀၀

(၄) လ ၂၁၂၅၆၈ ရဲအုပ် ကျော်ဇော ရဲ ၇၇၀၁

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇၆/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လ ၁၄၆၆၂၄ ရဲအုပ် သောင်းရွှေ အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၇၀၂ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၈၇၇/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လ ၁၉၉၃၄၃ ရဲအုပ် အောင်ကိုသန့် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၇၀၃ သတ်မှတ်ကာ လက်ရှိ တပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၈၇၈/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ လ ၁၈၈၉၉၉ ရဲအုပ် မျိုးနိုင်ဝင်း အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၇၀၄ သတ်မှတ်ကာ လက်ရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၈၉၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လက်နက်ခဲယမ်းနှင့် ပေါက်ကွဲမှုစစ်ဆေးရေးဌာန၊ လက်နက် ခဲယမ်းနှင့် ပေါက်ကွဲပစ္စည်းနည်းပညာစစ်ဆေးရေးဌာနခွဲမှ ဌာနခွဲမှူး ရဲ ၂၆၇၉ ဒုတိယရဲမှူးကြီး ဇော်သန်း အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့သို့ ဒုတိယတပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့ကာ မှုခင်းရဲတပ်ဖွဲ့၌ပင် တွဲဖက်တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၈၉၄/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ စီမံရေးဌာနသို့ တွဲဖက်တာဝန်ချထားသော ရဲထောက်ပံ့ရေး ဌာနကြီး၊ လုပ်ငန်းဌာနမှ ညွှန်ကြားရေးမှူး ရဲ ၂၂၉၂ ရဲမှူးကြီး ရဲမြင့် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၈၉၇/၂၀၂၁)**

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၆) ခြေမြန်တပ်ရင်းက မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ဒေါနခြံရပ်ကွက်၊ ကွင်းအမှတ်/ အမည်–၂၄/ထန်းတောစု (မ) ကွင်း၊ ဦးပိုင်အမှတ်–၂ ရှိ **မြေဧရိယာ ဝ.၁၂၆ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/၅၀၀ (အုပ်ချုပ်ရေး)/ ကကန ဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၅)/၁၂/ ကောင်စီရုံးဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၆) ခြေမြန်တပ်ရင်းက မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်နိုင်ရန် အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ဝ.၁၂၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၂၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (င) | လက်ထောက်အတွင်းဝန်<br>e-Government ဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>စီမံ၊ ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ၊ အခွန်အယူခံခုံအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်၊ ငွေစာရင်းနှင့် အထွေထွေဌာနခွဲ၊ အခွန်အယူခံခုံအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာဌာနခွဲ<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဝန်ကြီးရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အကြံပြုစာများနှင့် ဌာနတွင်းသတင်းပို့တိုင်ကြားမှုကို လက်ခံဆောင်ရွက်ခြင်းနှင့် လိုအပ်သလို အကြောင်းပြန်ကြားပေးခြင်း၊

(ခ) အကြံပြုစာ၊ တိုင်ကြားစာများ ပေးပို့နိုင်ရေးအတွက် အကြံပြုစာတိုက်ပုံးများ ထားရှိခြင်း၊

(ဂ) သတင်းပို့တိုင်ကြားနိုင်ရေးအတွက် (CPU) အဖွဲ့၏ လိပ်စာ၊ E-mail၊ ဖုန်းနံပါတ်များထားရှိခြင်း၊

(ဃ) ဝန်ကြီးရုံး၊ အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနတို့၏ အဂတိလိုက်စားမှုဖြစ်ပွားနိုင်ခြေရှိသော နယ်ပယ်များတွင် ဆန်းစစ်လေ့လာပြီး ဌာနအလိုက် အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ခြင်း၊

(င) ဌာနများအလိုက် အဂတိလိုက်စားမှုပြဿနာများကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖြေရှင်းရာတွင် ကြီးကြပ်ရန်နှင့် အဂတိလိုက်စားမှုကိုဖြစ်ပွားနိုင်ခြေရှိသော အချက်များအား သုံးသပ်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် တားဆီးဆောင်ရွက်နိုင်ရေးအတွက် ညွှန်ကြားခြင်း၊

(စ) ဌာနများအလိုက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အုပ်ချုပ်ရေးလျော့နည်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေး သုံးသပ်ချပြ အသိပညာပေးခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များအား အစီရင်ခံစာပုံစံပြုစု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ လစဉ်တင်ပြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့တင်ပြနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) အဂတိလိုက်စားမှုပြဿနာများကို သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျကိုင်တွယ် ဖြေရှင်းဆောင်ရွက်ခြင်း၊

(ဈ) အဂတိလိုက်စားမှုပြဿနာများမဖြစ်ပေါ်စေရေးအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို သုံးသပ်၍ ဌာနတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စီမံချက်ချရေးဆွဲဆောင်ရွက်ခြင်း၊

(ည) ဌာနအလိုက် တည်မြဲလုပ်ထုံးလုပ်နည်း (SOP) များ ရေးဆွဲပြီး ပြည်သူလူထုသိသင့်သည့်အပြင် ဝန်ဆောင်မှုရယူသော ပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်နေသော အချက်များကို လက်အောက်ခံရုံးဌာနများတွင် ပွင့်လင်းမြင်သာစွာ ချပြသွားခြင်း၊

(ဋ) အဂတိလိုက်စားမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည်များ တင်ပြဆောင်ရွက်ခြင်း၊

(ဌ) အဖွဲ့အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းများအား လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ခွဲများ၊ အထူးအဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်ခြင်း၊

(ဍ) အထက်အဖွဲ့အစည်းအဆင့်ဆင့်မှ အခါအားလျော်စွာပေးအပ်လာသော အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၂၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ၏ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ စက်နှင့် စက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော အဆောက်အဦ၊ စက်ပစ္စည်းများရရှိရေး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **တင်ဒါကော်မတီ** အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဥက္ကဋ္ဌ | အခွန်အယူခံခုံအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ် | အခွန်အယူခံခုံအဖွဲ့ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ် | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယအမြဲတမ်းအတွင်းဝန် | ဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ အဆိုပါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ကျပ် (၁၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှု ရယူခြင်း၊

(ခ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တပတ် (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂ) ကျပ်သန်း (၁၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင် ကြော်ငြာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

(င) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(စ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(ဆ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း၊

(ဇ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်များ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဈ) တင်ဒါသွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူ စာရင်းထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ည) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဋ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ဌ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၃) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေး စိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း။

၃။ ယခင်ဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာ များသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း |
|---|---|---|
| (၁) | ဦးဝင်းမင်းအောင်<br>ဒုတိယညွှန်ကြားရေးမှူး | လက်ထောက်အတွင်းဝန်<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| (၂) | ဒေါ်သင်းသင်းဝေ<br>လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) |
| (၃) | ဒေါ်သီတာထွန်း<br>ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |
| (၄) | ဒေါ်လှဝင်းရီ<br>ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၁၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

## ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၄၁ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

၂။ ဤလုပ်ထုံးလုပ်နည်းများကို **ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလ အတွင်း အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၃။ ဤလုပ်ထုံးလုပ်နည်းများပါ စကားရပ်များသည် သက်ဆိုင်ရာအခွန်ဥပဒေများနှင့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့၌ ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၄။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၆) လတာ ကာလအတွက် အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် ရမည်။

၅။ အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလအတွင်း ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းမှ စုစုပေါင်းရောင်းရငွေကို နှစ်ဆပြုလျှင် ရရှိမည့် သို့မဟုတ် ရရှိသည့် ရောင်းရငွေသည် ကျပ်သိန်း ၂၀၀ ထက်ပိုပါက ထိုရောင်းရငွေနှင့်စပ်လျဉ်း၍ အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထူးကုန်စည်ခွန် စည်းကြပ်ရမည်။

၆။ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက် ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလအတွင်း ရရှိမည့် သို့မဟုတ် ရရှိသည့်စုစုပေါင်းရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို နှစ်ဆပြုလျှင် ကျပ်သိန်း (၅၀၀)ထက်ပိုပါက ထိုရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ် ရမည်။

၇။ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလအတွင်း ရရှိမည့် သို့မဟုတ် ရရှိသည့်ဝင်ငွေများအတွက် ဝင်ငွေခွန်ဥပဒေနှင့်

၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အဆိုပါကာလအတွင်း ရရှိမည့်ဝင်ငွေကို နှစ်ဆပြုလျှင် ကျပ် (၄၈) သိန်း ထက်မပိုပါက မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့ နှစ်ဆပြု၍ ရရှိသော ဝင်ငွေသည် ကျပ် (၄၈) သိန်းထက်ပိုပါက ယင်းဝင်ငွေမှ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်တွက်ချက်ရမည်။ ထိုသို့ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

( ခ ) ပစ္စည်းငှားရမ်းခခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက-

(၁) ငှားရမ်းခရငွေသည် (၁၂) လ အောက်အတွက် ရရှိခြင်းဖြစ်ပါက ပျမ်းမျှ (၁၂) လ ငှားရမ်းခ ရငွေဖြင့် ကျသင့်ဝင်ငွေခွန်ကို အောက်ပါတွက်ချက်မှုပုံစံအတိုင်း တွက်ချက်ရမည်-

| | |
|---|---|
| (------) လအတွက် ငှားရမ်းခရငွေစုစုပေါင်း | XXXXXXXXXXXX ကျပ် |
| ပျမ်းမျှတစ်လငှားရမ်းခရငွေ | XXXXXXXXXXXX ကျပ် |
| (စုစုပေါင်းငှားရမ်းခရငွေ ÷ ငှားရမ်းသည့်လပေါင်း) | |
| ပျမ်းမျှငှားရမ်းခရငွေ (၁၂ လအတွက်) | XXXXXXXXXXXX ကျပ် |
| (၁၂ x ပျမ်းမျှတစ်လငှားရမ်းခရငွေ) | |
| (နုတ်) | |
| ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့် | (-) XXXXXXXXXXXX ကျပ် |
| ကျန်ဝင်ငွေ | XXXXXXXXXXXX ကျပ် |
| ပျမ်းမျှကျသင့်ဝင်ငွေခွန် | XXXXXXXXXXXX ကျပ် |
| (ကျန်ဝင်ငွေ x ၁၀%) | |
| ပေးဆောင်ရန် ဝင်ငွေခွန် | XXXXXXXXXXXX ကျပ် |
| [ပျမ်းမျှကျသင့်ဝင်ငွေခွန် X (ငှားရမ်းသည့်လပေါင်း ÷ ၁၂)] | |

(၂) ငှားရမ်းခရငွေသည် (၁၂) လ သို့မဟုတ် (၁၂) လ ထက်ပိုသော ကာလအတွက် ရရှိခြင်းဖြစ်ပါက ထိုငှားရမ်းခရငွေစုစုပေါင်းမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်အား တွက်ချက်ရမည်။

( ဂ ) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေခေါင်းစဉ်တို့ဖြစ်ပါက အဆိုပါကာလအတွင်း စုစုပေါင်းဝင်ငွေမှ ဝင်ငွေရရှိရန် ကုန်ကျသည့် စရိတ်ကို နုတ်ပယ်ပြီး ကျန်ရှိသည့်ဝင်ငွေကို နှစ်ဆပြုရမည်။ ယင်းဝင်ငွေမှ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန် တွက်ချက်ရမည်။ ယင်းသို့ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(ဃ) အပိုဒ်ခွဲ (ခ) နှင့် (ဂ) ပါ လုပ်ထုံးလုပ်နည်းများသည် အောက်ပါအခွန်ထမ်းအမျိုးအစားများနှင့်သာ သက်ဆိုင်စေရမည်-

(၁) တစ်ဦးချင်းပုဂ္ဂိုလ်များ၊

(၂) အစုစပ်လုပ်ငန်းများ၊

(၃) သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ။

( င ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် အခြေခံသမဝါယမအသင်းမဟုတ်သည့် သမဝါယမအသင်းများဖြစ်ပါက စုစုပေါင်းဝင်ငွေမှ ဝင်ငွေရရှိရန် ကုန်ကျသည့်စရိတ်များနှင့် စည်းမျဉ်းများအရ ပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပယ်၍ ဝင်ငွေတွက်ချက်ရမည်။

တန်ဖိုးလျော့နှုန်းထားတွက်ချက်ရာတွင် ဝင်ငွေခွန်စည်းမျဉ်းပါနှုန်းထားများအတိုင်းတွက်ချက်ရမည် ဖြစ်သော်လည်း (ဖ) လတာကာလနှင့် ညီမျှသော တန်ဖိုးလျော့ငွေကိုသာ နုတ်ပယ်ရမည်။

( စ ) အပိုဒ်ခွဲ (င) ပါအတိုင်း တွက်ချက်ရာတွင် အခြေခံသမဝါယမအသင်းမဟုတ်သည့် သမဝါယမအသင်းများဖြစ်ပါက အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ ခွင့်ပြုသည့် သက်သာခွင့်ပမာဏ၏ထက်ဝက်ကို နုတ်ပယ်ခွင့်ပြုပြီးနောက် ကျန်ဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်အား တွက်ချက်ရမည်။

(ဆ) အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် စုစုပေါင်းတန်ဖိုးသည် ကျပ်သိန်း (၁၀၀) ထက်မပိုလျှင် အဆိုပါ ကာလအတွင်း မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

( ဇ ) စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အဆိုပါ ကာလအတွင်း ပေါ်ထွက်သောငွေကိုလည်းကောင်း၊ ပေါ်ထွက်သော ပစ္စည်းတန်ဖိုးနှင့် ယင်းပစ္စည်းရယူရာတွင် ကုန်ကျသည့် ငွေအားလုံးကိုလည်းကောင်း အဆိုပါကာလအတွင်း ရရှိသည့် ဝင်ငွေအဖြစ်သတ်မှတ်၍ ဝင်ငွေခွန်စည်းကြပ်ရမည်။

( ဈ ) ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခေါင်းစဉ်မှတစ်ပါး အဆိုပါကာလအတွင်း နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၂၂ အရ ဝင်ငွေခွန်စည်းကြပ်ရမည်။

(ည) အသစ်ထူထောင်သော စက်မှုလက်မှုကိုအခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် ယင်း ခြောက်လတာကာလသည် လုပ်ငန်းစတင်သောနှစ် အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလ အတွင်း ကျရောက်ပါက အဆိုပါခြောက်လအတွင်း ရရှိသည့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေကို နှစ်ဆပြုရမည်။ ယင်းဝင်ငွေသည် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၉ အရ–

(၁) ကျပ်သိန်း (၁၀၀) အထိ ဝင်ငွေခွန်ကင်းလွတ်သည်။

(၂) ကျပ်သိန်း (၁၀၀) ထက်ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်တွက်ချက်ရမည်။

(၃) အပိုဒ်ခွဲငယ် (၂)ပါအတိုင်း တွက်ချက်ရရှိသည့် ဝင်ငွေခွန်၏ ထက်ဝက်သည် အဆိုပါကာလ အတွင်း ယင်းလုပ်ငန်းက ထမ်းဆောင်ရမည့် ဝင်ငွေခွန်ဖြစ်သည်။

( ဋ ) နိုင်ငံခြားသားတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ယင်းခြောက်လတာကာလ၌ နိုင်ငံတော်အတွင်း အမှန်နေထိုင်သည့်ရက်၏ နှစ်ဆသည် ရက်ပေါင်း တစ်ရာရှစ်ဆယ့်သုံးရက်နှင့်အထက်ဖြစ်ပါက အဆိုပါ ကာလအတွင်း ပြည်တွင်းနေနိုင်ငံခြားသားဟုမှတ်ယူပြီး ဝင်ငွေခွန်တွက်ချက် စည်းကြပ်ရမည်။

( ဌ ) **ပြည်ပနေနိုင်ငံခြားသားနှင့်စပ်လျဉ်း၍–**

(၁) လစာခေါင်းစဉ်မှအပ အခြားဝင်ငွေဖြစ်ပါက ကျသင့်ဝင်ငွေခွန်အား အပိုဒ်ခွဲ (င) ပါအတိုင်း တွက်ချက်ရမည်။ ထိုသို့ တွက်ချက်ရာတွင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆–က အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုရ၊

(၂) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆–က အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းဝင်ငွေကို နှစ်ဆပြု၍ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်တွက်ချက်ရမည်။ ယင်းတွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

( ဍ ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၀ ပါ ဝင်ငွေရလမ်း တစ်ခုခုမှ ဆုံးရှုံးငွေခုနှိမ်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ ခြောက်လတာကာလကို နှစ်တစ်နှစ်အဖြစ် သတ်မှတ်၍ ခုနှိမ်ပေးရမည်။

၈။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အထိ ခြောက်လတာကာလအတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇ အရ ဝင်ငွေကြေညာလွှာနှင့် ပုဒ်မ ၁၈ အရ လစာနှစ်ချုပ်စာရင်းတို့ကိုလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၃ အရ နှစ်ချုပ်ကြေညာလွှာကိုလည်းကောင်း အဆိုပါ ခြောက်လတာကာလကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဥပဒေရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

**အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar)**
**ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဥပဒေရေးရာဝန်ကြီးဌာနသည် **အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar)** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) ဒေါက်တာသီတာဦး — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(၂) ဦးစန်းလွင် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(၃) ဦးမြသိန်း — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
တရားလွှတ်တော်ရှေ့နေများကောင်စီ

(၄) ဒေါ်တင်နွယ်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(၅) ဒေါက်တာခင်ချစ်ချစ် — အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ်
ရန်ကုန်တက္ကသိုလ်

(၆) ဒေါက်တာခင်ဖုန်းမြင့်ကြူ — အဖွဲ့ဝင်
ပါမောက္ခ
ဥပဒေပညာဌာန
ရန်ကုန်တက္ကသိုလ်

(၇) ဦးကျော်ကျော်နိုင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(၈) ဒေါက်တာဆွေဆွေအောင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

၂။ အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အာဆီယံနိုင်ငံများရှိ ဥပဒေပညာရှင်များအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အာဆီယံဥပဒေပညာရှင်များအသင်း၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများတွင် မိမိနိုင်ငံနှင့်သက်ဆိုင်သည့် ဥပဒေရေးရာကိစ္စရပ်များတွင် ပါဝင်ဆွေးနွေးခြင်း၊

(ဂ) အာဆီယံနိုင်ငံများအကြား ချုပ်ဆိုသည့်စာချုပ်များနှင့်စပ်လျဉ်း၍ ဥပဒေအရ အငြင်းပွားမှု ပေါ်ပေါက်ပါက အနုညာတခုံသမာဓိဖြင့် ဖျန်ဖြေရာတွင် ကျွမ်းကျင်မှု အကူအညီပေးခြင်း၊

(ဃ) ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုခြင်း၊

(င) ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ကဖြစ်စေ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ဖြစ်စေ အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar) သို့ ဝင်ရောက်လိုပါက စိစစ်ထောက်ခံပေးခြင်း။

၃။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၀၇/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ဒေါက်တာသီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၂၄၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ၊ နည်းဥပဒေ ၆ တွင် ပါရှိသော "လျှောက်ထားသည့် နေ့ရက်မှစ၍ ၂၁ ရက်အတွင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ၊ နည်းဥပဒေ ၇ တွင် ပါရှိသော "၃ ရက်အတွင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

အမှတ် ၂၄၇။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်မှ နှစ်စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်အတွက် လုပ်ငန်းစဉ်များအား စီစဉ်ဆောင်ရွက်ရန် (၂) နှစ် တစ်ကြိမ် သက်တမ်းရှိသော **မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာတင်လှိုင် (ဘိုးလှိုင်)<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>အဏုမြူစွမ်းအင်ဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာတိုးလှ(တိုးလှ)<br>ဒုတိယဥက္ကဋ္ဌ (၁)<br>မြန်မာသမိုင်းအဖွဲ့ | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဒေါက်တာမျိုးသန့်တင်<br>အဖွဲ့ဝင်<br>အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဦးစိန်လှိုင် (သူရဇော်)<br>ဒုတိယဥက္ကဋ္ဌ (၂)<br>အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဦးမောင်လှိုင် (မောင်ဆွေငယ်)<br>စာတည်းမှူးချုပ် (ငြိမ်း) စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာစိုးနိုင်<br>ပါမောက္ခ/ဌာနမှူး၊ မြန်မာစာဌာန<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာအေးမြင့်<br>ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ပထဝီဝင်ဌာန<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (၈) | ဦးခင်စိုး (စိုးစိုး-ပန်းတောင်း)<br>စာတည်းမှူး(ငြိမ်း)၊ စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |

(၉) ဒေါက်တာစောမြအောင် — အဖွဲ့ဝင်
ပါမောက္ခ၊ ပိဋကတ်တော်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်

(၁၀) ဒေါက်တာညိမ်းညိမ်း (ရှင်ညိမ်းမယ်) — အဖွဲ့ဝင်
ပါမောက္ခ၊ မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

(၁၁) ဒေါက်တာအောင်ကြီး (ဒေါက်တာအောင်ကြီး) — အဖွဲ့ဝင်
ပါမောက္ခ(ငြိမ်း)၊ ဆေးပညာဌာန
မန္တလေးဆေးတက္ကသိုလ်

(၁၂) ဒေါက်တာသန်းထွဋ် (လင်း-ဆေး ၁) — အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ

(၁၃) ဒေါက်တာသိန်းလွင် (မြန်စာမြေသိန်းလွင်) — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန

(၁၄) ဒေါက်တာနော်ဂျူးဖော — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (ငြိမ်း)၊ အင်္ဂလိပ်စာဌာန
ရန်ကုန်တက္ကသိုလ်

(၁၅) ဦးထွန်းအုံ(အေးထွန်းမင်း) — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
နိုင်ငံခြားရေးဝန်ကြီးဌာန

(၁၆) ဒေါက်တာမြင့်သန်း (ညောင်လေးပင်) — အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ

(၁၇) ဦးမောင်မောင်ဦး (ဟိန်းလတ်) — အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ

(၁၈) ပါမောက္ခကိုကိုအောင် (သိပ္ပံစာရေးဆရာကိုကိုအောင်) — အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ

(၁၉) စာကြည့်တိုက်မှူး — အဖွဲ့ဝင်
တက္ကသိုလ်များဗဟိုစာကြည့်တိုက်
ရန်ကုန်တက္ကသိုလ်

(၂၀) ဦးကြည်ဝင်း (လောကအမွန်) — အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ

(၂၁) ဒေါ်နုနုယဉ် (နန်းညွန့်ယဉ်ခမ်း) — အဖွဲ့ဝင်
ပြင်ပပညာရှင်
စာတည်းမှူး(ငြိမ်း)၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၂၂) စာတည်းမှူးချုပ် — အတွင်းရေးမှူး
စာပေဗိမာန်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၂၃) စာတည်းမှူး — တွဲဖက်အတွင်းရေးမှူး
စာပေဗိမာန်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းလွင် အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းလွင် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်<br>(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အိမ်တော်များဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနိုင် အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ **နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ** သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ခင်လတ်

အမြဲတမ်းအတွင်းဝန်

### စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

အမှတ် ၁၁၇/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
| --- | --- | --- |
| (၁) | ထွန်းဝင်း | ကြည်း ၇၇၄၁၇ |
| (၂) | သိန်းလွင် | ကြည်း ၇၇၄၁၈ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## ကုသရေးဦးစီးဌာန

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

အမှတ် ၆။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာ အေးအေးမူ (ဆမ-၁၁၀၁၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

အမှတ် ၇။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ်ကြီး ဒေါ်နီနီအေး အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

အမှတ် ၈။ ရန်ကုန်မြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သူနာပြုအုပ်ကြီး ဒေါ်အေးအေးကြူ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၉။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ် ဒေါ်မေသူဇာ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

အမှတ် ၁၀။ ရန်ကုန်မြို့၊ အလုပ်သမားဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (ခွဲစိတ်) ဒေါက်တာကြည်ဦး (ဆမ-၁၀၈၂၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၁။ ရန်ကုန်မြို့၊ အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (ခွဲစိတ်) ဒေါက်တာသန်းဦး (ဆမ-၁၁၁၂၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

အမှတ် ၁၂။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးမှ သူနာပြုအုပ်ကြီး ဒေါ်စိုးစိုးဖုံ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြတ်ဝဏ္ဏစိုး
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice of Special Resolution Pursuant to Section 348 of
Myanmar Companies Law 2017

**DEXTRA TRANSPORT (MYANMAR) COMPANY LIMITED**

**(In Members Voluntary Winding-up)**

According to the special written resolution of the member dated 10-11-2021, it was resolved that

1. **DEXTRA TRANSPORT (MYANMAR) COMPANY LIMITED** be wound up voluntarily by the member with effect from 10-11-2021.

2. Be appointed U Kyaw Min Tun, an Advocate of, as liquidator of the Company for the purpose of voluntarily winding-up.

3. The creditors of **DEXTRA TRANSPORT (MYANMAR) COMPANY LIMITED** are, therefore, requested to submit their claims together with supporting documentary evidences to the liquidators at the address given above, on the day 13-12-2021 or before.

U Kyaw Min Tun
Liquidator
+959 772 440 001
Tilleke & Gibbins Myanmar Limited
Room - 1608, 16th Floor, Sakura Tower, No.339,
Bogyoke Aung San Road,
Kyauktada Township, Yangon.

## Shwe Zin Htut Mining Company Limited
## မိမိ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြော်ငြာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့၌ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်အရ **Shwe Zin Htut Mining Company Limited** အား မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးနိုင်ဝင်း (တရားလွှတ်တော်ရှေ့နေ) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများအတွက် ဆက်သွယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းထွတ်
မန်နေးဂျင်းဒါရိုက်တာ
Shwe Zin Htut Mining Co., Ltd

ဦးနိုင်ဝင်း
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၆၇၈၉/၂၁.၁၂.၂၀၂၀)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၉၈)၊ (၆) လွှာ၊ ဗညားဒလလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၀၀၄၀၆၈၈၆

## Shwe Zin Htut Company Limited
## မိမိ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြော်ငြာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့၌ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်အရ **Shwe Zin Htut Company Limited** အား မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးနိုင်ဝင်း (တရားလွှတ်တော်ရှေ့နေ) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများအတွက် ဆက်သွယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းထွတ်
မန်နေးဂျင်းဒါရိုက်တာ
Shwe Zin Htut Co., Ltd

ဦးနိုင်ဝင်း
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၆၇၈၉/၂၁.၁၂.၂၀၂၀)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၉၈)၊ (၆) လွှာ၊ ဗညားဒလလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၀၀၄၀၆၈၈၆

## ရခိုင်ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## (RAKHINE COASTLINE DEVELOPMENT PUBLIC CO., LTD)

(အစုရှယ်ယာရှင်များဆန္ဒအရ ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ-၃၅၇ (က) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

၁။　အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၃-၁၂-၂၀၂၁) ရက်နေ့ နံနက် (၁၀:၃၀) နာရီတွင် အမှတ် (အေအေ-၂/၃၉)၊ မင်းဘကြီးလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ စစ်တွေ၊ ရခိုင်ပြည်နယ်ရှိ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂။　ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးဖြိုးဝေ
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၈၀)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## KOL Global Co., Ltd

ကုမ္ပဏီများဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

အမိန့်ကြော်ငြာစာအပိုဒ် ၃၄၈ အရ

**KOL Global Co., Ltd** သည် အောက်တွင် လက်မှတ်ရေးထိုးထားသူအား အထက်ဖော်ပြပါကုမ္ပဏီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အထူးအစည်းအဝေးကြီးက ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းသူအဖြစ် ခန့်ထားခဲ့ပါသည်။

ကုမ္ပဏီမြီရှင်များသည် အောက်တွင် လက်မှတ်ရေးထိုးသူထံသို့ ယင်းတို့၏ ရရန်ရှိသည့် တောင်းခံငွေများအတွက် (၃-၁၁-၂၀၂၁) နေ့တွင် နောက်ဆုံးထား၍ အောက်တွင် လက်မှတ်ရေးထိုးသူအရာရှိထံ လိုအပ်သော အထောက်အထားများနှင့်တကွ တင်ပြတောင်းခံကြပါရန် ကြော်ငြာအပ်ပါသည်။

Tin Maung Naing
Managing Director
KOL Global Co., Ltd

ဒေါ်သီတာအေး
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B 97/4, Chinsu Road, Nawaday Shop House,
Nawaday Garden Housing (6) Ward,
Hlaing Tharyar Township, Yangon.
Ph No: 09 – 785172706, 09–259073280

## TRUNG NAM HAI INTERNATIONAL TRADING COMPANY LIMITED
## နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ | ။ | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် ။ | ။ | နံနက် (၁၀:၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ ။ | ။ | ကုမ္ပဏီရုံးခန်း |

ဦးကျော်ဝင်း
B.Sc, H.G.P, B.L
NBN 018181
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## VENARI CONSULTING SERVICES LIMITED
### Announcement of Voluntary Winding–up

It was resolved that **Venari Consulting Services Limited** will be wound up in accordance with the Special Resolution of the Members' Special General Meeting held at the company's head office on (10–11–2021). For such winding–up, U Zaw Lwin [NRC No. 5/Ya Au Na (Naing) 055287] is appointed as the liquidator of the Company.

It is hereby announced to pay or contribute to the aforesaid liquidator by (9–12–2021) latest if anyone is entitled to any debts or claim.

RUPERT ALEXANDER JOHN TROTTER
Chairman
Venari Consulting Services Limited

U Zaw Lwin
Certified Public Accountant
Liquidator
No. 313/323, Room (8C), (7th) Floor,
Sea Green Tower, Corner of Mahar
Bandoola Road and Bo Aung Kyaw Road,
Botahtaung Township, Yangon.

**စွမ်းထက်မျိုးဆက်ဂရု(ပ်)ကုမ္ပဏီလီမိတက်**

**(Dynamic Dynasty Group Co., Ltd)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ-၂၀၁၇ အရ

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပခဲ့သည့် သာမန်ထက် ထူးကဲသော အထူးအစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်များအရ **စွမ်းထက်မျိုးဆက်ဂရု(ပ်)ကုမ္ပဏီလီမိတက်** **(Dynamic Dynasty Group Co., Ltd)** အား အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြု ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၎င်းအစည်းအဝေးမှ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ဦးဆန်းထွန်း (B.A, CPA, F.B.S.A, Certified Public Accountant P 27) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးဆန်းထွန်း<br>
B.A, CPA, F.B.S.A<br>
Certified Public Accountant P 27<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**INDIGO SEA MYANAMR TRADING COMPANY LIMITED**

ဖျက်သိမ်းရန် ကြေညာချက်

၁။ **INDIGO SEA MYANAMR TRADING COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၂-၁၀-၂၀၂၁) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အမှတ် – ၉၈၊ စတုတ္ထထပ် (ဘီ)၊ စက်တွင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်းနိုင် (B.Com, CPA, DMAc, LCCI), Certified Public Accountant & Auditor, [၇/ဝမန (နိုင်) ၀၈၆၃၀၈] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမြင့်လွင်<br>
Managing Director<br>
INDIGO SEA MYANAMR TRADING COMPANY LIMITED

ဒေါ်သန်းသန်းနိုင်<br>
B.Com, CPA, DMAc, LCCI<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Grand Elephant Enterprises Company Limited**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ-၃၅၇ (အေ) အရ ကြေညာစာ

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့ နံနက် (၉:၀၀) နာရီအချိန်တွင် အမှတ် - ၈/၁၁၊ ချင်းတွင်းလမ်းနှင့် မင်းရဲကျော်ထမ်းထောင့်၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

မီမီကျော်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အမှတ် - ၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ပ၊ ထ၊ န - အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၉၂၅/ ၁၂-၁၁-၂၀၂၁။